MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## စီမံအုပ်ချုပ်သူများမှ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

အောက်ဖော်ပြပါ စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်) အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ဝက်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အခြေခံထားခြင်းဖြစ်ပြီး ထိုဘဏ္ဍာရေးရှင်းတမ်းနှင့်အတူ တွဲ၍ဖတ်ရှုနိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိပါလျှင် ငွေပမာဏဖော်ပြချက်အားလုံးမှာ မြန်မာကျပ်ငွေ ဖြစ်ပါသည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းအား နိုင်ငံတကာဘဏ္ဍာရေး အစီအရင်ခံခြင်းဆိုင်ရာစံများ (IFRS) နှင့်အညီ ရေးဆွဲထားပြီး၊ ပြင်ပစာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့မှ  စစ်ဆေးထားပြီး ဖြစ်ပါသည်။

ထို့အပြင် ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (13) ရက်နေ့တွင် အတည်ပြုပြီးဖြစ်ပါသည်။

### မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့်လီမိတက် (“MJTD”)

မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့်လီမိတက်ကို သီလဝါ အထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် စက်မှုလုပ်ငန်း ဧရိယာဖွံ့ဖြိုးရေး၊ ဈေးကွက်တင်ရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်းနှင့် စက်မှုလုပ်ငန်းဧရိယာ လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တည်ထောင်ခဲ့ပါသည်။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်သည် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့် လီမိတက်၏ မတည်ငွေရင်း (၄၁) ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး၊ ဒါရိုက်တာအဖွဲ့ဝင် (၉)ဦးအနက် (၄) ဦး နေရာရရှိထားပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒီပလော့မင့် လီမိတက်သည် စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ဝက်အတွက် အသားတင်အမြတ်ငွေ အမေရိကန် ဒေါ်လာ (၂)သန်း ရရှိခဲ့ပါသည်။ ။ အမြတ်လက်ကျန် အမေရိကန်ဒေါ်လာ (၅၇.၄)သန်း နှင့် ငွေနှင့်ငွေသားညီမျှခြင်း လက်ကျန်များအနေဖြင့် ၂၀၂၃ခုနှစ် စက်တင်ဘာလ (၃၀)  ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၄၅)သန်း ပိုင်ဆိုင်ထားပါသည်။ သီလဝါအထူးစီးပွားရေးဇုန်၏ တည်ငြိမ်သောပတ်ဝန်းကျင်နှင့် အရည်အသွေးမြင့်မားသော အခြေခံအဆောက်အဦများအပြင် အထူးစီးပွားရေးဇုန်၏ အထူးခံစားခွင့်များကြောင့် ရင်းနှီးမြုပ်နှံလိုသူများမှ မြေယာများနှင့် စက်ရုံငှားရမ်းခြင်းနှင့်ဆိုင်သော စုံစမ်းမေးမြန်းမှုများ ပြန်လည်စတင်၍ လက်ခံရရှိနေပြီဖြစ်ပါသည်။ အဓိကဝင်ငွေအနေဖြင့် ပုံမှန်လည်ပတ်နေသည့်လုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ ရေနှင့်လျှပ်စစ်မီးလုပ်ငန်းများမှရရှိခဲ့ပါသည်။ ထို့အပြင် MJTD ၏ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ရေး (ဆိုလာပရောဂျက်) မှလည်း လာမည့် ရှေ့ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေစီးဆင်းမှု ရရှိနိုင်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## သီလဝါ ပရောပါတီး ဒက်ပလော့မန့်လီမိတက် (“TPD”)

သီလဝါ ပရောပါတီးဒီဗလော့မန့် လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် နှစ်ရှည်ငှားရမ်းခြင်းလုပ်ငန်းများလုပ်ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါးတီး ဒီဗလော့မန့်လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)နှင့် ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားပြီး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)မှ အစုရှယ်ယာ (၂၀) ရာခိုင်နှုန်းနှင့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ (၈၀) ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ကြပါသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေသော (၄)နှစ်တာကာလနှင့်ပတ်သက်သော ခရီးသွားလာမှုဆိုင်ရာကန့်သတ်ချက်များ အိမ်၊ ခြံ၊ မြေကဏ္ဍ ဈေးကွက်များ နှေးကွေးကျဆင်းခြင်း၊ ငွေလဲလှယ်မှုနှုန်း မတည်ငြိမ်ခြင်းတို့ကြောင့် ကုမ္ပဏီ၏ဝင်ငွေကို အကျိုးသက်ရောက်မှုများ ရှိခဲ့ပါသည်။ ယင်းအကျိုးဆက်များကြောင့် စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ဝက်အတွက် အရှုံးကျပ် (၂၁၄) သန်း ပေါ်ပေါက်ခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး နှစ်အတွင်း တွင် နှစ်ရှည် မြေငှားရမ်းခြင်း ရှိခဲ့ပြီး ၎င်း မြေငှားရမ်း မှုဝင်ငွေ နှင့် အမြတ်ငွေတို့သည် လာမည့် နှစ်ကုန်ဘဏ္ဍာ ရေးရှင်းတမ်း တွင် ကောင်းမွန်သည့် ဘဏ္ဍာရေး အကျိုးအမြတ်များ ဖြစ်ပေါ်လာမှာ ဖြစ်ပါသည်။ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ဝက်အတွက် စုဆောင်းထားသောအမြတ်ငွေမှာ (၈.၃) ဘီလီယံ နှင့် ငွေသား နှင့်ဘဏ်လက်ကျန်မှာ (၃.၁) ဘီလီယံ ဖြစ်ပြီး ၎င်းလက်ကျန် ထဲတွင် အမေရိကန် ဒေါ်လာ(၁.၃၉) သန်း ပါရှိပါသည်။

## မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“MTSH”)

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် ဒုတိယမြောက် စာရင်းဝင်သည့်ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ဝက်အတွက် စီမံအုပ်ချုပ်မှုနှင့် တွဲဖက်လုပ်ငန်းမှရရှိသည့် အမြတ်ငွေများ အပါအဝင် အသားတင်အမြတ်ငွေမှာ ကျပ်(၁.၅) ဘီလီယံ ရရှိခဲ့ပြီး၊ ၎င်းအမြတ်တွင် တွဲဖက်လုပ်ငန်းမှ ရသည့်အမြတ်ငွေ ကျပ်(၁.၇) ဘီလီယံ ပါဝင်ပါသည်။

ကုမ္ပဏီ၏ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ဝက်အတွက် စုဆောင်းလက်ကျန် အမြတ်ငွေမှာ ကျပ် (၃၉.၈) ဘီလီယံ ရှိပြီး ငွေနှင့်ငွေသားညီမျှသောလက်ကျန် မှာ ကျပ်(၇.၇) ဘီလီယံရှိပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့်၎င်း၏ လက်အောက်ခံကုမ္ပဏီ ("MTSH အုပ်စု")**

**ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်**

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ဝက်အတွက် ဝင်ငွေမှာ ကျပ် (၁) ဘီလီယံ ရရှိခဲ့ပြီး စီမံခန့်ခွဲမှု မှ ရရှိသောဝင်ငွေနှင့် ပုံမှန်လည်ပါတ်နေသောလုပ်ငန်းများမှ ဝင်ငွေတို့ အဓိကပါဝင် ပါသည်။ အကြမ်းအမြတ်သည် ကျပ်(၀.၆) ဘီလီယံဖြစ် ပြီးအကြမ်းအမြတ်သည် ယခင် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၄၃% မှ ၅၈% သို့ မြင့်တက်ခဲ့ပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒီပလေ့ဗမင့် လီမိတက်နှင့် ဆက်စပ်၍ ရရှိမည့်အမြတ်ဝေစု ပမာဏမှာ ကျပ်(၁.၇) ဘီလီယံဖြစ်ပြီး နိုင်ငံတကာ စီးပွားရေး နှေးကွေးမှုများ အကြားမှပင် MJTD ၏ ပုံမှန်လည်ပတ်နေသည့် လုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မှုများကြောင့် မူလရည်ရွယ်ထားသည့် ခန့်မှန်းအမြတ်ငွေထက် သာလွန်ကောင်းမွန်သော ရလဒ်ကိုရရှိခဲ့ပါသည်။

ယခု ဘဏ္ဍာနှစ်ဝက်အတွင်း အမှန်မပေါ်ပေါက်ခဲ့သောငွေကြေးလဲလှယ်မှုမှ အမြတ် မရရှိပါသော်လည်း နှိုင်းယှဥ်ကာလတွင် အမှန်မပေါ်ပေါက်ခဲ့သောငွေကြေးလဲလှယ်မှုမှ အမြတ် ကျပ် (၁.၇)ဘီလီယံရရှိခဲ့ပါသည်။

ယခုဘဏ္ဍာရေးကာလ၏ အသားတင် အမြတ်ပမာဏမှာ ကျပ် (၁.၃)ဘီလီယံရရှိခဲ့ပြီး၊ ကုမ္ပဏီ၏ အစုရှင်များသို့ ခွဲဝေနိုင်သော အမြတ်မှာ ကျပ် ( ၁.၃ )ဘီလီယံ ဖြစ်ပါသည်။

ယေဘူယျအားဖြင့် အထက်ဖော်ပြပါ အခြေအနေများကြောင့် နှိုင်းယှဉ်ကာလတွင် ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေသည် ကျပ်(၇၅)မှ ယခုဘဏ္ဍာရေးနှစ်ဝက်ဖြစ်သည့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေသည် ကျပ် (၃၄)သို့ ကျဆင်းခဲ့ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

| | **ပြောင်းလဲချက်** | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် **(ကျပ်သန်းပေါင်း)** |
|---|---|---|---|
| ဝင်ငွေ | ▼ | ၁,၀၄၇ | ၁,၅၅၅ |
| ဝင်ငွေအပေါ် မူရင်းကုန်ကျစရိတ် | ▼ | (၄၄၀) | (၈၈၁) |
| **အကြမ်းအမြတ်** | ▼ | **၆၀၇** | **၆၇၄** |
| အရောင်းနှင့် စီမံအသုံးစရိတ် | ▲ | (၁,၀၉၈) | (၇၄၉) |
| တွဲဖက်လုပ်ငန်းမှ ရသည့်အမြတ်ငွေ | ▲ | ၁,၇၁၅ | ၁,၃၈၇ |
| **လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ** | ▼ | **၁,၂၂၄** | **၁,၃၁၂** |
| အခြားနည်းလမ်းမှရသည့်ဝင်ငွေ | ▲ | ၈၇ | ၄၄ |
| နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှု အမြတ်/အရှုံး | ▼ | (၅၄) | ၁,၇၁၄ |
| **အခွန်လျာထားခြင်း မပြုမီ စုစုပေါင်းအမြတ်** | ▼ | **၁,၂၅၇** | **၃,၀၇၀** |
| ဝင်ငွေခွန် | ▲ | ၃၁ | (၁၀) |
| **အသားတင်အမြတ်** | ▼ | **၁,၂၈၈** | **၃,၀၆၀** |

| | | | |
|---|---|---|---|
| အကြမ်းအမြတ်ရာခိုင်နှုန်း | ▲ | ၅၈% | ၄၃% |

| | | | |
|---|---|---|---|
| ရှယ်ယာတစ်စောင်၏အခြေခံဝင်ငွေ (ကျပ်) | ▼ | ၃၄ | ၇၅ |

**ကုမ္ပဏီအုပ်စု၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်**

လက်ငင်းရပိုင်ခွင့်များ လျော့နည်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ လုပ်ငန်းလည်ပတ်မှု အတွက် အသုံးပြုရသော ကုန်ကျစရိတ်များကြောင့် ဖြစ်ပါသည်။ စုစုပေါင်း လက်ငင်းရပိုင်ခွင့်မှာ (၃၈.၁) ဘီလီယံ ဖြစ်ပြီး ၎င်းပမာဏထဲတွင် ငွေသားနှင့် ဘဏ်လက်ကျန် ပိုင်ဆိုင်မှုမှာ ကျပ်(၁၀.၈)ဘီလီယံဖြစ်ပါသည်။ ၎င်းငွေသားလက်ကျန် ထဲတွင် အမေရိကန် ဒေါ်လာ(၄.၇) သန်း ပါရှိပါသည်။

လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ မြင့်တက်လာရခြင်းမှာ မြန်မာ-ဂျပန် သီလဝါ ဒီပလော့မင့် လီမိတက်၏ စုဆောင်းပြီး အမြတ်လက်ကျန်ငွေ တိုးလာခြင်းနှင့် ဆက်စပ်၍ ရရှိမည့် အမြတ်ဝေစု (၁.၇) ဘီလီယံကြောင့်ဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

လက်ငင်းနှင့်လက်ငင်းမဟုတ်သော ပေးရန်တာဝန် ကျပ် ၂.၈၆ ဘီလီယံမှ ကျပ် ၂.၅၆ ဘီလီယံသို့ အနည်းငယ်လျော့နည်းလာရခြင်းမှာ ယခင်နှစ်ကပေးရန် လျာထားခဲ့သည့် စာရိတ်များကို ယခုဘဏ္ဍာရေးကာလတွင်ပေးချေနိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

၂၀၂၃-၂၀၂၄ (၆လ ဘဏ္ဍာရေးကာလ) အတွက် စုဆောင်းပြီး အမြတ်လက်ကျန်တွင် ကျပ် (၀.၆) ဘီလီယံ (ကျပ် ၄၄.၁ ဘီလီယံမှ ကျပ် ၄၃.၅ ဘီလီယံ) ကျဆင်းခဲ့ပါသည်။ စုဆောင်းပြီးအမြတ်လက်ကျန်ငွေ ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခုနှစ်အတွင်း ရှယ်ယာရှင်များ အားအမြတ်ဝေစု ခွဲဝေပေးခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

| | ပြောင်းလဲချက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၃ နှစ်၊ မတ်လ (၃၁)ရက် **(ကျပ်သန်းပေါင်း)** |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းရပိုင်ခွင့်များ | ▼ | ၃၈,၁၁၆ | ၄၀,၅၈၄ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ▲ | ၅၄,၄၈၉ | ၅၂,၉၈၀ |
| **စုစုပေါင်းရပိုင်ခွင့်များ** | ▼ | **၉၂,၆၀၅** | **၉၃,၅၆၄** |
| **ပေးရန်တာဝန်များ** | | | |
| လက်ငင်းပေးရန်တာဝန်များ | ▼ | ၁,၈၃၂ | ၂,၁၃၀ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | ▼ | ၇၂၈ | ၇၃၀ |
| **စုစုပေါင်းပေးရန်တာဝန်များ** | ▼ | **၂,၅၆၀** | ၂,၈၆၀ |
| **အသားတင်ရပိုင်ခွင့်များ** | ▼ | **၉၀,၀၄၅** | **၉၀,၇၀၄** |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပြီး မတည်ငွေ | - | ၃၈,၉၂၉ | ၃၈,၉၂၉ |
| စုဆောင်းပြီး အမြတ်လက်ကျန် | ▼ | ၄၃,၄၄၆ | ၄၄,၀၆၂ |
| အခြားအကျိုးခံစားခွင့်ဆိုင်ရာများ | ▼ | ၇,၆၇၀ | ၇,၇၁၃ |
| **စုပေါင်းရင်းနှီးငွေ** | ▼ | **၉၀,၀၄၅** | **၉၀,၇၀၄** |

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**အနာဂတ်အလားအလာ**

MTSH နှင့် ၎င်း၏ကုမ္ပဏီခွဲများသည် လျှပ်စစ်နှင့်ရေကဲ့သို့သော ဝင်ငွေပြန်လည်ရရှိသည့် လုပ်ငန်းများမှတဆင့် တည်ငြိမ်သော စီးပွားရေးကို ထိန်းသိမ်းထားနိုင်ရန် ဆက်လက်ဆောင်ရွက်သွားလျက်ရှိပါသည်။ လျှပ်စစ်နှင့်ရေထောက်ပံ့မှုလုပ်ငန်းကို မြှင့်တင်ရန်အတွက် ကျွန်ုပ်တို့သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များတွင် ဆက်လက်ရင်းနှီးမြှုပ်နှံပြီး သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သော စက်မှုဥယျာဉ်ဖြစ်လာစေရန် ရည်ရွယ်ဖော်ဆောင်လျက်ပါသည်။

လက်တလောတွင် မြေငှားရမ်းသူ ထပ်မံမရရှိသေးသော်လည်း ရှိပြီးသားစက်ရုံများတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် ကုန်ထုတ်စွမ်းအားများ တိုးမြင့်ခြင်းဖြင့် လုပ်ငန်းများကို ပုံမှန်အတိုင်း ဆက်လက်လုပ်ဆောင်နေပါသည်။ အထူးစီးပွားရေးဇုန်တွင် စက်ရုံတည်ဆောက်မှုများ ပြန်လည်စတင်လာသည်ကိုလည်း မြင်တွေ့နေရပြီဖြစ်ပြီး ယင်းသည် ရင်းနှီးမြှုပ်နှံသူများ၏ အထူးစီးပွားရေးဇုန်အပေါ်ယုံကြည်မှုတိုးမြင့်လာနေကြောင်း အပြုသဘောဆောင်သည့် လက္ခဏာတစ်ရပ်ဖြစ်ပါသည်။

အခွင့်အလမ်းများပေါ်ပေါက်လာသည်နှင့်တပြိုင်နက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန် အဆင်သင့်ဖြစ်နေစေရန်လည်း အကျိုးတူပူးပေါင်းလုပ်ငန်းများတွင် ကျွန်ုပ်တို့၏ လုပ်ငန်းရင်းနှီးငွေအများအပြားကို ထိန်းသိမ်းထားပါသည်။

# MANAGEMENT DISCUSSION AND ANALYSIS

The following Management Discussion and Analysis ("MD&A") is based on Myanmar Thilawa SEZ Holdings Public Company Limited ("MTSH") Consolidated Financial Statements for the period ended 30 September 2023 ("FY2023-2024") and should be read in conjunction with those financial statements. All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

The financial statements are prepared in accordance with International Financial Reporting Standards (IFRS) and audited by the Independent Auditor, Win Thin and Associates.

The Board of Directors approved this document on 13th December 2023.

## Myanmar Japan Thilawa Development Limited ("MJTD")

MJTD was established to undertake the development, marketing, leasing, and operation of the Industrial Area in Thilawa SEZ. MTSH owned 41% of MJTD's paid-up share capital and represented four out of nine MJTD board seats.

For the period ended 30 September 2023, MJTD achieved a net profit of USD 2 million. Retained Earnings USD 57.4 million and Cash & bank balance was USD 45 million (USD equivalent) as of 30 September 2023. New inquiries related to the land parcel, rental factories, and rental offices are starting to recover due to investors' re-evaluation of stable and high-quality infrastructures and special privileges in Thilawa SEZ. Income mainly from the recurring business in the maintenance and utilities business unit. Furthermore, MJTD will have an additional source of income from the Solar business starting from next financial year.

## Thilawa Property Development Limited ("TPD")

TPD was formed to undertake the development, construction, marketing, leasing, and operation of the Residential and Commercial Area in Thilawa Special Economic Zone ("Thilawa SEZ"). TPD is a joint venture with Thilawa Special Economic Zone Management Committee Company Limited ("TSMCC") in which TSMCC owns 20% and MTSH owns 80%.

TPD incurred MMK 214 million loss for the period ended 30 September 2023 amidst four years from the onset of COVID-related travel restrictions. Sales performance in this financial year and potential sales show the recovering status of the business in the Thilawa SEZ community as the global pandemic is easing in the country. We secured one land sublease in the post-reporting period and it will lead to a positive result for this financial year. The company has MMK 8.3 billion Retained Earnings and Cash & Bank equivalent MMK 3.1 billion as of 30 September 2023, out of which 1.39 million were in USD currency.

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**Myanmar Thilawa SEZ Holdings Public Company Limited ("MTSH")**

Myanmar Thilawa SEZ Holdings Public Company Limited was incorporated on the 3rd of May 2013 in Myanmar under the Companies Act as a public limited company. On 20th May 2016, MTSH became the second company which is listed on the Yangon Stock Exchange.

The net profit of MTSH's stand-alone result for the year period ended 30 September 2023 is MMK 1.5 billion. Which included the share of profit from the investment in MJTD is MMK 1.7 billion

The company has MMK 39.8 billion Retained Earnings and MMK 7.7 billion Cash and bank balance as of 30 September 2023.

**Myanmar Thilawa SEZ Holdings Public Company Limited and Its Subsidiary ("MTSH GROUP")**

**<u>Summarized Consolidated Income Statement for the half year ended</u>**

| | | | **Kyat in million** |
|---|---|---|---|
| | **Changes** | **30-Sep-2023** | **30-Sep-2022** |
| Revenue | ▼ | 1,047 | 1,555 |
| Cost of sales | ▼ | (440) | (881) |
| **Gross profit** | ▼ | **607** | **674** |
| Selling & administrative expenses | ▲ | (1,098) | (749) |
| Share of profit from associate | ▲ | 1,715 | 1,387 |
| **Operating profit** | ▼ | **1,224** | **1,312** |
| Income from non-operating activities | ▲ | 87 | 44 |
| Realised Foreign Exchange Gain | ▼ | (54) | 12 |
| Unrealized Foreign Exchange Gain/(Loss) | ▼ | - | 1,702 |
| **Total profit before tax** | ▼ | **1,257** | **3,070** |
| Income tax expense | ▲ | 31 | (10) |
| **Net profit** | ▼ | **1,288** | **3,060** |
| Gross profit margin | ▲ | 58% | 43% |
| Earning per share (Kyat) | ▼ | 34 | 75 |

Revenue for the period ended 30 September 2023 is MMK 1 billion mainly from the management fee received and normal recurring income. The gross profit is MMK 0.6 billion and the gross profit margin has increased to 58% from the previous year from 43% mainly due to the currency exchange appreciation.

The share of the profit earned from investment in associate company MJTD is MMK 1.7 billion. The results are still positive due to the recurring business in the maintenance and utilities business unit and higher than the targeted profit, the business continues to recover amidst the Global economic recession during these years.

Compared to the prior period there was no Foreign Currency Exchange gain during this period. However, there was MMK 1.7 billion gain from the revaluation of the USD fund in the comparison period.

Net profit for this financial period is MMK 1.3 billion and the profit attributable to the equity holders of the company is MMK 1.3 billion.

Overall, the net impact of the above factors contributes to the decline in consolidated EPS to MMK 34 per share for the period ended 30 September 2023 from MMK 75 per share for the period in the previous financial year.

**Summarized Consolidated Statement of Financial Position as at 30 September 2023**

| | | | Kyat in million |
|---|---|---|---|
| | **Changes** | **30-Sep-2023** | **31-Mar-2023** |
| Assets | | | |
| Current assets | ▼ | 38,116 | 40,584 |
| Non-current assets | ▲ | 54,489 | 52,980 |
| Total assets | ▼ | **92,605** | **93,564** |
| Liabilities | | | |
| Current liabilities | ▼ | 1,832 | 2,130 |
| Non-current liabilities | ▼ | 728 | 730 |
| Total liabilities | ▼ | 2,560 | 2,860 |
| **Net assets** | ▼ | **90,045** | **90,704** |
| Equity | | | |
| Issued and paid up capital | - | 38,929 | 38,929 |
| Retained earnings | ▼ | 43,446 | 44,062 |
| Non-controlling interest | ▼ | 7,670 | 7,713 |
| **Total equity** | ▼ | **90,045** | **90,704** |

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

The decrease in current assets is the net impact of decreasing cash and cash equivalent due to working capital requirements during this period. The group has a cash and bank balance equivalent to MMK 10.8 billion out of MMK 38.1 billion in current assets. Out of which 4.7 million were in USD currency.

The rise in non-current assets is an increment of the investment amount in associate, due to accumulating in Retained Earnings of MJTD which is added by MMK 1.7 billion during this period.

Total liabilities from MMK 2.86 billion to MMK 2.56 billion have slightly decreased due to prior period expense provisions that had been realized during this financial period.

Group's retained earnings faced by MMK 0.6 billion decreasing (from MMK 44.1 billion to MMK 43.5 billion) on 30 September 2023 mainly due to the net impact of dividend payout and profit during this period.

**Future prospects**

MTSH and its subsidiaries continue to maintain stable business from recurring income businesses such as power and water. In order to enhance the utility business, we will continue to invest in renewable energy resources and aim to become an eco-friendly industrial park developer.

As of now, we have yet to have any new land lease. However, existing factories have continued to normalize in their operations with increasing employment opportunities and productivity. We have also started to see the restart of factory construction in our Special Economic Zone, which is a positive sign that investor confidence in SEZ is on the rise.

We have maintained our abundant capital reserves in our joint ventures to be ready for further investment as soon as an opportunity presents.